# Geek ဆိုသူတိုင်း သိသင့်၊ ရှိသင့်တဲ့အရာ ၇ ခု

Geek ဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်မှာလဲ။ ဒီနေရာမှာ ကိုယ့်ကိုယ်ကိုယ်ပဲ လေးစားတဲ့ Geek ဆိုသူတွေ ရှိသင့်တဲ့ ကျွမ်းကျင်မှုတွေနဲ့ ပစ္စည်းတွေ ကို စာရင်းလုပ်ပေးထားတယ်။

Geek Pride Day ဟာ နှစ်စဉ် မေလ ၂၅ မှာ ကျရောက်ပါတယ်။ ဒါပေမဲ့ ဘယ်နေ့ပဲဖြစ်ဖြစ် Greek တစ်ယောက်ဖြစ်ရတာ ဂုဏ်ယူစရာပါပဲ။ တကယ်လို့ အောက်မှာဆက်ပြောမယ့် အရာတွေထဲက အနည်းငယ်ကိုသိမယ်၊ ရှိမယ်ဆိုရင် ဂုဏ်ယူပါတယ်။ မရှိဘူးဆိုရင်တော့ ဒီစာရင်းကို နောက်တစ်ခါ ဈေးထွက်ရမယ့်စာရင်းလို့ ယူဆလိုက်ပါ။

## Geek တစ်ယောက်ပိုင်သင့်တာ ...

### Flash Drive

တစ် ခု၊ ၂ ခုမဟုတ်ပါဘူး။ အများကြီး ရှိသင့်ပါတယ်။ Stick တွေကို မှန်မှန်ကန်ကန် partition ဘယ်လို ခွဲရမလဲ ဆိုတာသိရမယ်။ Flash drive တွေထဲမှာ system utility software တွေ ထည့်ထားသင့်တဲ့အပြင် Linux ကိုလည်း တစ်ခု၊ ဒါမှမဟုတ် ၂ ခုလောက် တင်ထားသင့်ပါတယ်။

### ကြိုးများ

စုံစီနဖာကြိုးတွေကို ဆောင်ထားတာဟာ အကြံဉာဏ် ကောင်းတစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတလေ လိုလာတဲ့အခါမှာ အလွန် အသုံးဝင်လာပါလိမ့်မယ်။ ကိုယ့်အိတ်ထဲမှာ အနည်းဆုံး USB အားသွင်းကြိုးပဲဖြစ်ဖြစ် တစ်ခုခုတော့ ဆောင်ထားသင့်ပါတယ်။ သွားရင်းလာရင်း ကိုယ့်ပစ္စည်းအားကုန်သွားလို့ အားသွင်းချင်ရင်ဖြစ်ဖြစ် desktop PC နဲ့ ချိတ်ဆက်စရာရှိလာရင်ဖြစ်ဖြစ် အသုံးဝင်လာပါလိမ့်မယ်။

### ကိုယ့်တိုင်ဆင်ထားတဲ့ PC

Computer တစ်လုံးကို ကိုယ့်ဟာကိုယ်တည်ဆောက်ရတာ ဘာနဲ့မှမတူပါဘူး။ ဒါဟာ computer နဲ့ပတ်သက်ပြီး ကိုယ်ဘယ်လောက်သိထားသင့်တယ်ဆိုတာ ပြသရာရောက်တဲ့ အပြင် အထဲကပစ္စည်းကိုလည်း ကိုယ့်စိတ်ကြိုက်ရွေးချယ်ပြီး တပ်ဆင်နိုင်ပါတယ်။ ဝက်အူလှည့်ပုံစံအမျိုးမျိုး ဝယ်ထားသင့်ပြီး လက်ကောက်ဝတ်မှာပတ်တဲ့ antistatic ကြိုးလေးလည်း ရှိထားသင့်ပါတယ်။

### ဂဟေဆော် ဂေါက်တံ

Hardware တွေကို hack လုပ်ချင်လာတဲ့အခါ လိုအပ်လာပါလိမ့်မယ်။

### Geek ပစ္စည်းများ

Geek နဲ့ပတ်သက်တဲ့ ဆောင်ပုဒ်တွေ၊ design တွေ လိုချင်ရင်တော့ online မှာ ရှာနိုင်ပါတယ်။ Pop+Shorty (www.popandshort.com) နဲ့ Threadless (www.threadless.com) မှာ geek တွေနဲ့ပတ်သက်တဲ့ ပစ္စည်းတွေ အများကြီးရှိပါတယ်။




ဟာသဆန်တဲ့ဆောင်ပုဒ်တွေ ကတ်ထားတဲ့ ဒီလို Pop+Shorty က ရှပ်အင်္ကျီမျိုးဟာ ကိုယ့်ရဲ့ Geek ဖြစ်ရတာ ဂုဏ်ယူကြောင်း ပြသဖို့ နည်းလမ်းကောင်းတစ်ခုဖြစ်ပါတယ်

## Geek တစ်ယောက်သိသင့်တာ ...

### Code တွေဘယ်လိုရေးလဲ

ကိုယ်စိတ်ဝင်စားတဲ့အပေါ်မူတည်ပြီးတော့ computer programming ၊ ဒါမှမဟုတ် web design ပဲဖြစ်ဖြစ် အခြေခံ အချက်လေးတွေကို သိထားသင့်တယ်။ ဥပမာ – HTML က ကိုယ်စိတ်ဝင်စားတဲ့အရာဆိုရင် 'a href' ၊ 'img src' တို့က

ဘာလဲဆိုတာ တကယ်ကိုသိထားသင့်ပါတယ်။ HTML အခြေခံတွေကို သိပြီးပြီဆိုရင် CSS နည်းနည်းလောက်နဲ့ ဘယ်လိုအလုပ်လုပ်သလဲဆိုတာသိရင် အမှတ်တက်သွားမှာပါ။

### Keyboarrd shortcut များ

Keyboard ကို ဘယ်လိုကိုင်ရမလဲဆိုတာသိရင် တကယ်အသုံးဝင်ပါတယ်။ အထူးသဖြင့် mouse က ရပ်နေပြီး computer ပိတ်ဖို့လာတဲ့အခါမျိုးမှာပေါ့။ ပြီးတော့ keyboard shortcut တွေဟာ Photoshop တို့လို web browser တို့လို software တွေ သုံးနေတဲ့အခါမျိုးမှာ တော်တော်အချိန်ကုန်သက်သာစေပါတယ်။ ■

# ပုံစံခွက်ထဲကနေ ဖောက်ထွက်လာပြန်တဲ့ Nintendo ရဲ့ Wii U

Game စက်မဟုတ်တဲ့ game စက်၊ ဒါမှမဟုတ် game controller မဟုတ်တဲ့ game controller တစ်ခုကို စဉ်းစားကြည့်ပါ။ တကယ်တော့ ဇွန်လတုန်းကလုပ်သွားတဲ့ E3 2011 ပြပွဲမှာ Nintendo က ပြသသွားခဲ့တဲ့ Wii U ဟာ စိတ်ဝင်စားစရာကောင်းတယ်ဆိုတာကလွဲပြီးတော့ သူ့ကို ဘယ်လိုခေါ်ရမလဲဆိုတာတောင် မသိကြသေးပါဘူး။

ဒီစနစ်အသစ်ဟာဆိုရင် နဂိုမူလ Wii လို set-top box တစ်ခုပါပဲ။ ဒါပေမဲ့ သူ့မှာ ကြိုးမဲ့ချိတ်ဆက်ထားတဲ့ အဖုံးပျော့စာအုပ်သဖွယ် tablet ပုံစံ gamepad တစ်ခု ပါဝင်လာပါတယ်။ ၆.၂ လက်မအကျယ် touchscreen ရဲ့တစ်ဖက်တစ်ချက်မှာ thumbstick ၂ ခု၊ trigger button နဲ့ stereo speaker တွေပါဝင်ပါတယ်။ Microphone ၊ accelerometer ၊ gyroscope နဲ့ inward-facing camera တွေလည်း ထည့်သွင်းပေးထားပါတယ်။

We You လို့ အသံထွက်တဲ့ Wii U ဟာဆိုရင် TV ပေါ်မှာ ကစားနေတဲ့ game ကို controller ပေါ်ကို ပြောင်းပြီးတော့လည်း ကစားနိုင်လို့ အိမ်ကတစ်ယောက်ယောက်က TV ကြည့်ချင်တဲ့အခါမျိုးမှာလည်း အဆင်ပြေပါတယ်။ ပြီးတော့ stylus pen ကိုသုံးပြီး touchscreen ပေါ်မှာ ပုံတွေလည်း ဆွဲနိုင်ပါတယ်။ ပြီးတော့ controller ကို gameboard အနေနဲ့ထားပြီးလည်း ဆော့နိုင်ပါတယ်။ E3 ပြပွဲမှာတော့ Wii U ကို ပုံစံ အမျိုးမျိုးနဲ့ အသုံးချပုံတွေကို တင်ဆက်သွားပါသေးတယ်။

Nintendo ဟာ ဒီပစ္စည်းရဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပါဘူး။ ဒါပေမဲ့ အစမ်းကြည့်ရသလောက်တော့ သူ့ရဲ့ processing power ကတော့ အထင်ကြီးစရာပါပဲ။ High def လည်း ရပါတယ်။ အရင်က ထွက်ရှိခဲ့တဲ့ Wii game တွေ၊ Wii remote controller တွေနဲ့ Wii တွဲဖက်ပစ္စည်းတွေအားလုံးနဲ့ အဆင်ပြေပါတယ်။ ဒါပေမဲ့



Controller ပေါ်မှာဆွဲရတာက Wii U ပေါ်မှာရနိုင်တဲ့ လုပ်ဆောင်ချက်တွေထဲက တစ်ခုဖြစ်ပါတယ်

Nintendo DS နဲ့ 3DS portable တွေကို အစားထိုးဖို့တော့ design လုပ်ထားတာ မဟုတ်ပါဘူး။ Gamepad ဟာ သူ့ချည်းပဲ သယ်သွားလို့မရဘဲ Wii U box ရဲ့ အနားမှာထားပြီး တွဲဆော့ရမှာပါ။

ဘယ်တော့ဝယ်နိုင်မှာလဲဆိုရင်တော့ ၂၀၁၂ အတွင်းမှာပဲလို့တော့ သိထားပါတယ်။ သိထားသလောက်ကတော့ ဒါပါပဲ။ ဈေးနှုန်းကိုလည်း လေသံတောင်မဟသေးပါဘူး။ သေချာတာ တစ်ခုတော့ရှိပါတယ်။ အဲဒါကတော့ လာမယ့်နှစ်တွေမှာ Microsoft ရဲ့ "လူကိုယ်တိုင်ဟာ controller ပါ" ဆိုတဲ့ Kinect အသုံးချနည်းလမ်းတွေနဲ့ Nintendo နဲ့ Sony တို့ရဲ့ "controller ကတော့ လိုနေတုန်းပဲ၊ ပိုကောင်းတဲ့ controller ဖြစ်ဖို့သာ လိုပါတယ်" ဆိုတဲ့ အယူအဆ ၂ ခုကြားမှာ တိုက်ပွဲတွေ ဖြစ်လာတော့မယ်ဆိုတာပါပဲ။ ■

# Staff Picks

## စာသင်ခန်းထဲကို ပြန်ရောက်သွားတဲ့ နည်းပညာပစ္စည်းများ

### Livescribe Echo 2GB



ကိုယ့်ရဲ့စာသင်ခန်းထဲကို laptop ကြီးထမ်းပြီးတော့ သယ်သွားချင်မှာ မဟုတ်ဘူးဆိုပေမယ့် ကိုယ်က ခေတ်နောက်ပြန်ဆွဲတဲ့လူတော့လည်း မဟုတ်သေးပြန်ပါဘူး။ ကိုယ့်မှတ်စုတွေရဲ့ digital version ကိုတော့ လိုချင်သေးတာပါပဲ။ ဒါဆိုရင် Livescribe Echo smartpen (2GB model အတွက် ၉၉ ဒေါ်လာ) ဟာ အံကိုက်ပါပဲ။ မှတ်စုတွေကို စာအုပ်မှာရေးသလိုပဲ ရေးနိုင်ပါတယ်။ ပြီးတော့ keyboard ကနေ computer ထဲကို ပြန်ရိုက်ထည့်စရာမလိုဘဲ Evernote ၊ Google Docs ၊ smartphone နဲ့ iPad တို့ဆီကို upload လုပ်နိုင်မှာ ဖြစ်ပါတယ်။ *find.pcworld.com/71917*



## Toshiba Thrive

8GB အတွက် ၄၂၉ ဒေါ်လာတန်ဖိုးရှိတဲ့ Thrive ဟာ iPad ထက် ဈေးသက်သာပေမယ့် ပိုထူပြီး ပိုလေးပါတယ်။ သူ့မှာ onboard နဲ့ docking station က တစ်ဆင့် ချိတ်ဆက်ဖို့ port တွေ အများကြီးပါဝင်ပါတယ်။ Andriod Honeycomb ၊ တကယ်အသုံးဝင်တဲ့ file စီမံခန့်ခွဲရေးစနစ်နဲ့ ပြီးတော့ ဖြုတ်တပ်လို့ရတဲ့ battery တို့ ပါဝင်ပါတယ်။ *find.pcworld.com/71920*





## HTC Evo 3D

Evo 3D (၂ နှစ်စာချုပ်နဲ့ ဒေါ်လာ ၂၀၀) ဟာ ဝယ်ယူဖို့ မှန်ကန်ပါတယ်ဆိုတာ မိဘတွေကို ပြောပြဖို့က ခက်ခဲပါလိမ့်မယ်။ သူ့မှာ dual-core processor နဲ့ qHD screen ပါပါတယ်။ ဘာဖြစ်လို့ ကျောင်းမှာ မျက်မှန်တပ်စရာမလိုတဲ့ 3D phone ဝယ်စရာလိုတာလဲလို့မေးရင် ဖြေရမှာကတော့ “3D မျက်မှန်သာတပ်ထားရင် အဆင့်ကျသွားလိမ့်မယ်” လို့ပဲ ဖြစ်ပါတယ်။ *find.pcworld. com/71918*









## Memonic

အခမဲ့ရော premium ပါရတဲ့ Memonic ဟာ သုတေသန project တွေမှာ ပူးပေါင်းလုပ်ဆောင်ဖို့ ကောင်းမွန်တဲ့ နည်းလမ်းတစ်ခုပဲ ဖြစ်ပါတယ်။ ကိုယ်လုပ်နေတဲ့ project နဲ့ သက်ဆိုင်တဲ့ တစ်ခုခုကို web ပေါ်မှာတွေ့တဲ့အခါတိုင်း ကိုယ့် browser ထဲက Memonic bookmarklet ကိုသာ နှိပ်လိုက်ပါ။ ဒါဆို သိမ်းထားနိုင်တဲ့အပြင် ကိုယ့်သုတေသနအဖွဲ့နဲ့လည်း ဝေမျှနိုင်ပါတယ်။ *find.pcworld. com/71919*

# Apple ရဲ့ data sync service : iCloud




Apple ဟာ iOS သုံးပစ္စည်းတွေ၊ Mac တွေနဲ့ PC ပေါ်မှာ သုံးနိုင်မယ့် iCloud ကြိုးမဲ့ data sync ဝန်ဆောင်မှုကို ကြော်ငြာခဲ့ပါတယ်။

ဒီအခမဲ့ရတဲ့ iCloud ဟာ တစ်နှစ်ကို ၁၉၉ ဒေါ်လာ ပေးနေရတဲ့ MobileMe ကို အစားထိုးမှာဖြစ်ပြီး လိပ်စာတွေ၊ ပြက္ခဒိန်တွေနဲ့ စာတွေအပြင် Safari bookmark တွေနဲ့ iBook က စာအုပ်တွေကိုပါ ကိုယ်ရဲ့ပစ္စည်းတွေကြား sync လုပ်ပေးမှာ ဖြစ်ပါတယ်။ Third party app တွေကလည်း iCloud ပေါ်မှာ file တွေ သိမ်းနိုင် ၊ sync လုပ်နိုင်ပါတယ်။ iCloud ဟာ ကိုယ်ဝယ်ယူထားတဲ့ သီချင်းတွေ၊ app တွေနဲ့ စာအုပ်တွေ၊ ဓာတ်ပုံတွေ၊ video တွေအပြင် device setting နဲ့ app data တွေကို တစ်နေ့ကိုတစ်ကြိမ် back up လုပ်ပေးမှာဖြစ်ပါတယ်။

Apple ရဲ့ iCloud နဲ့ တွဲသုံးဖို့ app အသစ် ၃ ခုကတော့ page number နဲ့ keynote file တွေကို sync လုပ်ဖို့ Document in the Cloud ၊ ဓာတ်ပုံတွေအတွက် Photo Stream နဲ့ ကိုယ်ဝယ်ထားတဲ့သီချင်းတွေကို ပစ္စည်း ၁၀ ခုအထိ sync လုပ်နိုင်ဖို့ iTunes in the Cloud တို့ပဲ ဖြစ်ပါတယ်။

iTunes ကနေ ဝယ်ထားတာမဟုတ်တဲ့ သီချင်းတွေအတွက်တော့ တစ်နှစ်ကို ၂၅ ဒေါ်လာ ကျသင့်မယ့် iTunes Match ဝန်ဆောင်မှုက ကိုယ့်မှာရှိတဲ့ သီချင်းတွေကို Apple ကရောင်းနေတဲ့ သီချင်း ၁၈ သန်းနဲ့ တိုက်စစ်မှာဖြစ်ပါတယ်။ တကယ်လို့ မတူဘူး ဆိုရင် အဲဒီသီချင်း iCloud ဆီ upload လုပ်နိုင်ပါတယ်။ အခမဲ့ storage အနေနဲ့ mail ၊ document နဲ့ backup အတွက် 5GB ရရှိမှာ ဖြစ်ပါတယ်။ App တွေ၊ သီချင်းတွေ၊ စာအုပ်တွေနဲ့ photo stream ဓာတ်ပုံတွေပါပါလာမယ် ဆိုရင်တော့ ဒီပမာဏ storage ဟာ လုံလောက်မှာမဟုတ်ပါဘူး။ ဆောင်းဦးရာသီမှာ iCloud ကို iOS 5 နဲ့အတူတူ စတင် ထုတ်ပေးတော့မှာဖြစ်တယ်လို့ သိရပါတယ်။ ■

ငြိမ်းချမ်းအောင်

# Plugged In

## Nielsen ရဲ့ လေ့လာချက်



လူတွေက iPad ကို အိပ်ယာထဲမှာ ပိုသုံးလေ့ရှိတာကို လေ့လာတွေ့ရှိခဲ့ပါတယ်။ ဒီလိုသုံးရတာ အကြောင်းပြချက် တစ်ခုကြောင့် ဖြစ်နိုင်ပါတယ်။ အဲဒါကတော့ အိပ်ယာထဲမှာ iPad ကို ကိုင်ထားတုန်း ပြုတ်ကျသွားလဲ သိပ်ကိစ္စမရှိတာ ကြောင့်ပါပဲ။

## Video game တွေရဲ့အကျိုး

Video game တွေ ကစားတာက အနာဂတ် လုပ်ငန်းခွင်အတွက် ကြိုတင်ပြင်ဆင်ထားတာနဲ့ အတူတူပါပဲ။ အထူးသဖြင့် ကိုယ်က ဝက်တွေကို ငှက်နဲ့ပစ်တဲ့အလုပ်လုပ်ရင်ပေါ့။

## Windows 8

၂၀၁၂ မှာ ထွက်လာမယ့် Windows 8 ဟာ 'advanced hibernation' ကို ထောက်ပံ့ပေးမယ်လို့ သိရပါတယ်။ ဒါကအချိန်ယူပြီး စဉ်းစားဆုံးဖြတ်တာကို နောက်တစ်မျိုး ခပ်ဆန်းဆန်းခေါ်တာတော့ မဟုတ်ပါဘူးနော်။

## ကလေးများအတွက်

Mark Zuckerberg က ကလေးတွေဟာ facebook သုံးရင်း လေ့လာသင်ယူနိုင်ပါတယ်လို့ ပြောခဲ့ပါတယ်။ ဟုတ်တာပေါ့။ သူတို့က သမီးရည်းစားကိစ္စကိုလည်း လေ့လာ သင်ယူနိုင်တယ်လေ။

## Twitter ရဲ့ new button

Twitter က Follow ဆိုတဲ့ button အသစ်တစ်ခုကို မိတ်ဆက်ပေးခဲ့တယ်လို့ သိရပါတယ်။ Stalk ဆိုတဲ့ button တစ်ခုကိုလည်း စမ်းသပ်နေဆဲဖြစ်တယ်လို့ သိရပါတယ်။ ■

Forward



# Microsoft က ထုတ်ပြလာတဲ့ Windows 8

**နောက်လာမယ့် OS ဟာ အကြီးအကျယ်ပြောင်းလဲပစ်လိုက်တဲ့ touch-oriented interface နဲ့အတူ desktop တွေ၊ laptop တွေနဲ့ tablet တွေအတွက် design လုပ်ထားတာကိုတွေ့ရပါတယ်။**

Windows 8 ကတော့ ထွက်လာပါပြီ။ OS အသစ်ဟာ ဒီနေ့လူတွေသိကြတဲ့၊ နှစ်သက်နေကြတဲ့ Windows ပုံစံကနေ လုံးဝကွဲထွက်သွားမှာ ဖြစ်ပါတယ်။ ဒါဟာ ဖွန်လအစောပိုင်းတုန်းက လော့စ်အိန်ဂျလိစ်မှာလုပ်သွားတဲ့ နည်းပညာဆွေးနွေးပွဲမှာ Microsoft က ပြောကြားသွားခဲ့တဲ့သတင်းပဲ ဖြစ်ပါတယ်။

အဲဒီပွဲမှာ Microsoft ကနေပြီး လုံးဝပြောင်းလဲထားတဲ့ Windows interface ကိုပြသခဲ့ပါတယ်။ သမားရိုးကျ Windows OS တွေမှာ ပါလေ့ရှိတဲ့ desktop ၊ taskbar ၊ start menu စတာတွေအစား touch အသုံးပြု Windows Phone 7 နဲ့ တော်တော်တူတဲ့ interface ကို တင်ပြသွားခဲ့ပါတယ်။

Microsoft ဟာ တရုတ် (တိုင်ပေ) မှာလုပ်တဲ့ Computex ပြပွဲမှာလည်း Windows အသစ်ရဲ့ feature တွေကို နမူနာထုတ်လုပ်ထားတဲ့ ပစ္စည်းတွေနဲ့အတူ ပြသသွားခဲ့ပါသေးတယ်။ Icon တစ်ခုကို လက်လေးနဲ့ပုတ်လိုက်တာနဲ့ app ကို စတင်လုပ်ဆောင်စေပြီး screen အပြည့်နေရာယူသွားတာ တွေ့ရပါတယ်။ အရင်ကလို menu တွေ၊ system tray တွေနဲ့ ဘေးနားက scroll bar တွေမပါတော့ပါဘူး။ Microsoft ကုမ္ပဏီက Windows planning ၊ hardware နဲ့ ecosystem ပိုင်းက corporate vice president တစ်ဦးဖြစ်တဲ့ Michael Angiulo က app တွေဟာ ဖွင့်လိုက်တာနဲ့ လျင်မြန်စွာပဲ အသက်ဝင်လာပါတယ်လို့ ပြောပါတယ်။ Application တွေ ဖွင့်ထားတုန်းမှာ ညာဘက်အစွန်းကို ပွတ်ဆွဲလိုက်ရင် menu ပေါ်လာမှာဖြစ်ပြီး၊ ဘယ်ဘက်အစွန်းကို ပွတ်ဆွဲလိုက်ရင်တော့ ဖွင့်ထားတဲ့ app တွေအကြားအကူးအပြောင်း လုပ်နိုင်မှာဖြစ်ပါတယ်။

## လေးထောင့်ပြားပုံစံ interface

Microsoft ဟာ OS အသစ်မှာပါဝင်လာတဲ့ အင်္ဂါရပ် အသစ်တွေကိုလည်း video နဲ့ တင်ပြသွားပါသေးတယ်။ အထင်ရှားဆုံးကတော့ Windows 8 ကို laptop နဲ့ desktop computer တွေအတွက်သာမက၊ tablet computer တွေ အတွက်ပါ design လုပ်ထားတယ်ဆိုတာပါပဲ။ ဒါ့ကြောင့် ကြီးမားပြီး ထိတွေ့သုံးဖို့ အဆင်ပြေတဲ့ ခလုတ်တွေ၊ အမြင်ပိုင်းဆိုင်ရာ ပုံစံတွေ ပါဝင်လာပါတယ်။ Microsoft ရဲ့ ပြောကြားချက်အရ ဒီလို လေးထောင့်ကွက် ကြွေပြားပုံစံ interface ဟာ အခုလက်ရှိသုံးနေကြ start menu ကို အစားထိုးသွားမယ်လို့ ဆိုပါတယ်။ အဲဒီပုံစံကို




Windows Phone 7 နဲ့ တော်တော်တူတဲ့ပုံစံတွေ ပါလာတာနဲ့အတူ၊ Windows 8 ဟာ သူ့ရှေ့က OS တွေရဲ့ Windows-and-menu-desktop ပုံစံတွေကနေ ကွဲထွက်လာပါတယ်

# လူကြိုက်များနေတဲ့ e-reader ၄ ခု







## Barnes & Noble Nook (2nd generation)

နဂိုမူလ Nook (Nook First Edition) မှာ စိတ်ရှုပ်စရာကောင်းတဲ့ navigate လုပ်ဖို့ LCD အသေးလေးအောက်ခြေမှာ ရှိပါတယ်။ အခု လုံးဝ design ပြန်လုပ်ထားတဲ့ ပိုပေါ့လာတဲ့ Nook အသစ် ၁၃၉ ဒေါ်လာ မှာတော့ ၆ လက်မအကျယ် E-Ink Pearl display ကို မိတ်ဆက် လာပါတယ်။ Touch လုပ်တာ ပိုကောင်းစေဖို့လည်း Neonode ရဲ့ zForce အနီအောက်ရောင်ခြည်သုံး touch နည်းပညာကို သုံးထားပါတယ်။ Wi-Fi လည်းရပါတယ်။

## Kobo e-reader touch edition

ဒီ model ကတော့ Nook နဲ့ dipaly ချင်း အတူတူပါပဲ။ အဆင့်မြှင့်တင်ထားတဲ့ freescale i.MX508 processor ကြောင့် စာမျက်နှာတွေလှန်တဲ့နေရာမှာ ပိုမြန်လာမယ်လို့ Kobo က ပြောပါတယ်။ သိမ်းဖို့နေရာ 1GB ပါရှိပြီး၊ MicroSD အပေါက်လည်း ပါပါတယ်။ 802.11b/g/n Wi-Fi ကိုသုံးလို့ရပြီး on screen keyboad လည်း ပါပါတယ်။ Kobo ရဲ့ Reading Life လို့ခေါ်တဲ့ လူမှုဆက်သွယ်ရေးကွန်ရက်လည်း ထည့်သွင်းပေးထားပါတယ်။

မကြိုက်ဘူးဆိုရင်လည်း အရင် ရိုးရိုး desktop mode ကို ခလုတ်တစ်ချက်နှိပ်ရုံနဲ့ ပြန်ပြောင်းနိုင်တယ်ဆိုတာလည်း video မှာ တင်ပြသွားပါသေးတယ်။ OS အသစ်ဟာ အခု လက်ရှိသုံးနေတဲ့ Windows 7 software တွေ၊ တွဲဖက်စက်ပစ္စည်းတွေအားလုံးနဲ့ တွဲသုံးနိုင်မှာပါ။ ဒါပေမဲ့ software ရေးသားသူတွေအနေနဲ့ကတော့ လေ့လာစရာတွေ အများကြီးရှိနေပါသေးတယ်။ Microsoft ကနေပြီးတော့ ဒီလထဲမှာ OS အသစ်အကြောင်း ပိုမိုသိရှိစေဖို့ Build လို့ အမည်ပေးထားတဲ့ conference တစ်ခုကို ကျင်းပသွားဦးမှာ ဖြစ်ပါတယ်။

Windows 8 အတွက် သီးသန့်ရေးထားတဲ့ software တွေကတော့ အခုလက်ရှိ software တွေအမျိုးအစားတွေနဲ့ အတော်အတန်တော့ ကွာခြားနေမှာပါ။ HTML5 ရဲ့စွမ်းအားတွေကို ယူသုံးထားမှာဖြစ်ပြီး Java Script နဲ့ HTML ကိုသုံးပြီး Windows ကို touch သုံးလို့ကောင်းတဲ့ OS ဖြစ်အောင် လုပ်ပေးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ Software ရေးသားသူတွေ မသိသေးတာကတော့ Windows 8 သီးသန့် software တွေဟာ HTML 5 နဲ့ Java Script လို web နည်းပညာတွေအပေါ်မှာပဲ လုံးလုံးအခြေခံထားမှာလား၊ ဒါမှမဟုတ် အခုလက်ရှိသုံးနေတဲ့ visul studio လို development tool တွေကိုပဲ ဆက်လက်သုံးရမှာလား ဆိုတာပါပဲ။

Windows 8 နဲ့ ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းတာကတော့ ဒါဟာ PC computer တွေကို tablet တွေပုံစံဖြစ်အောင် လုပ်ဖို့ ခြေလှမ်းတစ်ရပ်ပဲဖြစ်ပါတယ်။ Apple ကလည်း သူ့ရဲ့ Mac OS X ကို iPad ပုံစံနဲ့တူလာအောင် Lion မှာ ပြုလုပ်လာပါတယ်။

ဒါပေမဲ့ Windows 8 ကတော့ tablet နဲ့ PC တွေကို ပေါင်းစည်းဖို့အတွက် ကြီးမားတဲ့ ခြေလှမ်းတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဒီပြောင်းလဲမှုတွေကို မကြိုက်တဲ့လူတွေကတော့ ရှိကောင်း ရှိနေဦးမှာပါပဲ။ အပြောင်းအလဲတွေကို စောင့်ကြည့်ပြီး ကျင့်သားရသွားအောင်တော့ လုပ်ရဦးမှာဖြစ်ပါတယ်။ ■



## အထူးကမ်းလှမ်းချက်တွေနဲ့ Amazon Kindle

ပါဝင်တဲ့အစိတ်အပိုင်းတွေကို ကြည့်မယ်ဆိုရင်တော့ Kindle ဟာ ဘာမှအသစ်အဆန်းမပါပါဘူး။ ဒါပေမဲ့ ဈေးနှုန်းကို တော်တော်လျှော့ချပေးထားပြီး ကြော်ငြာတွေတော့ ပါလာပါတယ်။ ဈေးနှုန်း ၁၁၄ ဒေါ်လာ သတ်မှတ်ထားပြီး ကြော်ငြာမပါတဲ့ version ကတော့ ၂၅ ဒေါ်လာ ပိုပေးရမှာပါ။ ဒီ Kindle ဟာ Amazon website မှာ လူကြိုက်အများဆုံး e-reader ဖြစ်လာပါတယ်။ 3G version ရတဲ့ ၁၆၄ ဒေါ်လာတန်လည်း ထွက်လာဦးမယ်လို့ သိရပါတယ်။



## Aluratex Libre Air

သူ့အရင်ထွက်ရှိထားတဲ့ Libre Pro နဲ့တူညီပြီး Wi-Fi ထည့်သွင်းထားတဲ့ Libre Air (ဒေါ်လာ ၁၃၀) မှာ ၅ လက်မ အရွယ် nonbacklit LCD screen ပါဝင်လာတဲ့အတွက်ကြောင့် အလင်းရောင် တောက်တောက်အောက်မှာလည်း ဖတ်ရှုနိုင်ပြီး စာဖတ်ရတာ သက်သောင့်သက်သာရှိပါတယ်။ Battery လည်း သက်သာစေပါတယ်။ ၆ အောင်စလောက်ပဲလေးတဲ့ Libre Air ဟာ သူ့မှာပါဝင်တဲ့ micro SD card အပေါ်ကြောင့် စာအုပ် ၅၀,၀၀၀ လောက်ကို သယ်သွားနိုင်ပါတယ်။ ■